ပညာဘုရင်တက္ကသိုလ်

အုပ်ချုပ်ရေး နှင့် ပညာရေးအဖွဲ့

**ဗုဒ္ဓဘာသာ ဒီပလိုမာ စာမေးပွဲ**

၁၃၈၄-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀) ရက်၊ (၁၇၊ ၁၂ ၂၀၂၂ စနေနေ့)

**ဒီပလိုမာသင်တန်း ။ ။ Level (1) မေးခွန်း**

ဖြေဆိုချိန် နေ့ ၁-နာရီ မှ ၄-နာရီထိ ။

--xxxxxxxx--

၁။ ဘာသာတရား အဆုံးအမဟု ဆိုတိုင်း အမှန်တရားအဖြစ် မှတ်ယူသင့်ပါသလား? သင့်၏အမြင်ကို ရှင်းပြပါ။

၂။ တချို့ဘာသာက နောက်ဘဝ ရှိသည်ဟုဆိုပြီး တချို့ဘာသာက မရှိဟု ဆို၏၊ သင့်အနေဖြင့် နောက်ဘဝ ရှိခြင်း၊ မရှိခြင်းအပေါ် မဆုံးဖြတ်နိုင်ပါက ဘယ်လိုနေထိုင်သင့်ပါသနည်း?

၃။ စီးပွါးရေး အောင်မြင်ဖို့အတွက် လုပ်ဆောင်ရမည့် နည်းလမ်း ၄-သွယ်ကို ဗုဒ္ဓဒေသနာနှင့်အညီ ညွှန်ပြပါ။

၄။ လူတစ်ဦးမှာ မျက်စိနှစ်လုံး ရှိသလို အမြင်နှစ်မျိုးရှိမှသာ ပြည့်စုံသူဖြစ်နိုင်သည်ဟု ဆိုရာ မည်သည့်အမြင်နှစ်မျိုးကို ဆိုလိုပါသနည်း? ပေါ်လွင်အောင် ရှင်းပြပါ။

၅။ စိတ်ထားဖြူစင်မှု နှင့် မဖြူစင်မှုတို့၏ မတူသော အကျိုးသက်ရောက်မှုကို ရှင်းပြပါ။

၆။ အချုပ်ထောင်နှင့်တူသည့် စိတ်၏အညစ်အကြေးကို ဖော်ပြ၍၊ ထို စိတ်အညစ်အကြေး၏ အချုပ်ထောင်နှင့် တူပုံကို ရှင်းပြပါ။

၇။ ရိုးသားမှုသည် လူ့ဂုဏ်သိက္ခာဖြစ်၍ လူ့ဂုဏ်သိက္ခာကို ပျက်စီးစေသည့် တရားနှစ်မျိုးကား အဘယ်ပါနည်း? အဓိပ္ပါယ်နှင့်တကွ ရှင်းပြပါ။

၈။ လူတိုင်းအပေါ် ထားသင့်သည့် မေတ္တာတရားကို မြတ်ဗုဒ္ဓက မည်သည့်ဥပမာဖြင့် ပုံဖော်မိန့်ကြားခဲ့ပါသနည်း?

၉။ သမထ နှင့် ဝိပဿနာတို့၏ ထူးခြားပုံကို ပေါ်လွင်အောင် ရှင်းပြပါ။

၁၀။ သမထကျင့်စဉ်၏ လမ်းဆုံးပန်းတိုင်နှင့် ဝိပဿနာ၏ လမ်းဆုံးပန်းတိုင်တို့ကို ပြည့်စုံစွာ ဖော်ပြပါ။

တစ်ပုဒ်လျှင် (၁၀) မှတ်စီ။

စုံအမှတ် - - - - -

# ပညာဘုမိတက္ကသိုလ်
## အုပ်ချုပ်ရေးနှင့်ပညာရေးအဖွဲ့
## သုတဓမ္မဒီပလိုမာ စာမေးပွဲ

၁၃၈၅-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၅)ရက်၊ (၁၇-၆-၂၀၂၃၊ စနေနေ့)

ဒီပလိုမာတန်း ။ ။ Level (1) မေးခွန်း

ဖြေဆိုချိန် နေ့ ၁-နာရီမှ ၄-နာရီထိ။

---

၁။ အမှန်တရားနှင့်ပတ်သက်ပြီး တွေဝေစရာ တွေ့လာလျှင် မှန်ကန်သောလမ်းကို ရွေးချယ်နိုင်ရန် မြတ်ဗုဒ္ဓဟောကြားတော်မူထားသော သုတ်၏အမည်ကို ဖော်ပြ၍၊ ထိုသုတ်ဖြင့် အမှန်တရားကို ရှာဖွေတွေ့ရှိရာ၌ မည်သို့ညွှန်ပြထားပါသနည်း? အကျဉ်းချုပ် ရေးသားဖော်ပြပါ။

၂။ အဘယ်သို့သော သဘောကို "အပြစ်"ဟု ဆိုပါသနည်း? ဖော်ပြ၍၊ ဥပေက္ခာ-ဟူသည် အဘယ် အရာတို့ကို လျစ်လျူရှု/မရှုမှု၍ လုပ်သင့်တာကို လုပ်ပါနည်း? ဖြေဆိုပါ။

၃။ မြတ်ဗုဒ္ဓဟောပြတော်မူသော တရားတော်များသည် သံသရာဝဋ်မှ လွတ်မြောက်ရေးအတွက်သာ ဟောတော်မူသော တရားတော်များသာဖြစ်သည်ဟု ဆိုပါလျှင် သင်မည်သို့ ရှင်းလင်းချက် ပေးပါမည်နည်း? ဖေါ်ပြပါ။

၄။ စီးပွားရေးလုပ်ငန်း ကြိုးစားသူတို့ အောင်မြင်နိုင်ရေးအတွက် ပြည့်စုံရမည့် အချက်သုံး ချက်ကို ရေးသား၍၊ တမလွန်ဘဝ၌ ချမ်းသာသုခရရှိရေးအတွက် အခြေအနေကောင်း လေးချက်ကို အကျဉ်းချုပ် ရေတွက်ပြပါ။

၅။ စိတ်ညစ်နွမ်းသူနှင့် စိတ်စင်ကြယ်သူတို့ ရရှိနိုင်သော ဂတိတို့ကို နှစ်မျိုးစီဖော်ပြ၍၊ ကိုယ်ကျင့် သီလပြည့်စုံရေးအတွက် အနီးကပ်ဆုံးဖြစ်သော အကြောင်းတရားနှစ်ပါးကို ဖော်ပြပါ။

၆။ "လောကပေါ်မှာ ဖြစ်ပေါ်တတ်တဲ့ အဘိဇ္ဈာကို ဖယ်ရှားရမယ်"ဟု ဟောတော်မူရာ၌ အဘယ် တရားကို လောက-ဟု ဆိုပါသနည်း? ဖော်ပြ၍၊ "ပျံ့ဟာ"ဟုလည်းကောင်း၊ "ငါ" ဟုလည်းကောင်း စွဲလန်းသိမ်းပိုက်မှု နှစ်ခု၏ ခြားနားချက်ကို ရေးသားပါ။

၇။ မေတ္တာသုတ်နှင့် ပတ်သက်၍ "သောက်ဆေးကို လိမ်းဆေးလုပ်နေကြသူတွေ"ကို ဖော်ပြ၍၊ ဓမ္မနှင့်ပတ်သက်၍ အသိပညာရနိုင်သော နည်းလမ်းသုံးချက်ကို တင်ပြပါ။

၈။ သတ္တဝါအားလုံးကို အာရုံပြု၍ မေတ္တာပွားပုံသုံးမျိုးကို ဖော်ပြ၍၊ မေတ္တာပွားရာ၌ "ကျဉ်းမြောင်းတဲ့ စိတ်ဓာတ် မထားရဘူး"ဆိုရာ၌ ကျဉ်းမြောင်းတဲ့ မေတ္တာစိတ်ဓာတ်ကို ဖော်ပြပါ။

၉။ "သမထ"ဟု ခေါ်ဆိုနိုင်သောအရာနှစ်မျိုးကို ဖော်ပြ၍၊ အာနာပါနကမ္မဋ္ဌာန်းနှင့် ဆက်စပ်၍ ဘယ်လိုလူမျိုးကို "ဗာလ=လူမိုက်"ဟု ခေါ်ဆိုရပါသနည်း? ဖော်ပြပါ။

၁၀။ ဝိပဿနာ၏ အခြေခံဉာဏ်နှစ်ပါးကို ဖော်ပြ၍၊ အာနာပါနအာရုံနှင့် ဝိပဿနာရှုရာ၌ အာရုံပြု ရှုမှတ်ရမည့် အရာသုံးခုကို ဖော်ပြပါ။

တစ်ပုဒ်လျှင် (၁၀)မှတ်စီ

## ပညာဘူမိတက္ကသိုလ်

### အုပ်ချုပ်ရေး နှင့် ပညာရေးအဖွဲ့

## သုတဓမ္မ ဒီပလိုမာ စာမေးပွဲ

**၁၃၈၅-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက် (၁၆-၁၂-၂၀၂၃ စနေနေ့)**

## ဒီပလိုမာတန်း။ ။ Level (1) မေးခွန်း

**ဖြေဆိုချိန်။ နေ့ ၁-နာရီ မှ ညနေ ၄-နာရီထိ။**

.........

၁။ အမှန်နှင့် အမှားကို ဆုံးဖြတ်ရာ၌ အားကိုးယုံကြည်လောက်သော အကြောင်းမှာ ကိုယ်တိုင်လက်တွေ့သိသော အသိဉာဏ်ဖြစ်ရာ ယင်းအသိဉာဏ်ဖြင့် လက်တွေ့သိမြင်နိုင်သည့် ဒေါသ၏ အပြစ်ဆိုးကျိုးတို့ကို ဖော်ပြပါ။

၂။ တမလွန်ဘဝ ရှိ/မရှိ ပြဿနာနှင့် ပက်သက်၍ သင့်မှာ အဖြေမထုတ်နိုင်ပါလျှင် သေချာသော လမ်းကို သင် မည်သို့ ရွေးချယ်မည်နည်း? ရွေးချယ်ဖော်ပြပါ။

၃။ ပြည့်စုံသည့် လူ့ဘဝဖြစ်ဖို့ ပြည့်စုံသင့် ပြည့်စုံထိုက်သော မျက်စိနှစ်လုံးကို အဓိပ္ပာယ်အကျဉ်းနှင့်တကွ ဖော်ပြ၍၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် မြတ်ဗုဒ္ဓ၏ တစ်ခုတည်းသော တရားကို ညွှန်ပြပါ။

၄။ စိုးရိမ်ရမှု သောကတရားများကို ဖြစ်စေနိုင်သော အကြောင်းရင်းကို ဖော်ပြ၍၊ ယင်းအကြောင်းရင်းကို ဖယ်ရှားနိုင်သည့် အသိဉာဏ်ကိုလည်း အဓိပ္ပာယ်အကျဉ်းနှင့်တကွ ဖော်ပြပါ။

၅။ စိတ်ကြည်လင်ဖို့အတွက် သင်ကြိုးစားအားထုတ်တော့မည်ဆိုပါက ရှေးဦးစွာ တည်ဆောက်ရမည့် တရား နှစ်ပါးကား အဘယ်ပါနည်း? အကျဉ်းချုပ် အဓိပ္ပာယ်နှင့်တကွ ဖြေဆိုပါ။

၆။ အသိဉာဏ်ကို မှုန်ဝါးအားပျော့စေနိုင်သော စိတ်၏အညစ်အကြေး ငါးမျိုးကို (ပါဠိလို) ရေတွက်ပြ၍၊ ယင်းစိတ်၏ အညစ်အကြေးတို့ကို ဖယ်ရှားရာ၌ ငါးမျိုးလုံးနှင့် သက်ဆိုင်သော အကြောင်းနှစ်မျိုးကိုလည်း ဖော်ပြပါ။

၇။ "ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ရဲ့ ဂုဏ်တွေကို အာရုံပြုပြီး (သို့မဟုတ်) ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေချင်ပြီဆိုလျှင် ထိုနေနည်း ကားကို သိလို့ လိမ္မာရေးခြားရှိတဲ့ ပုဂ္ဂိုလ်ဟာ အလုပ်တစ်ခု လုပ်ပါ"ဆိုရာ၌ သင်လုပ်ရမည့် (ကရဏီယ) သုံးမျိုးကို ဖော်ပြပါ။

၈။ မေတ္တာဟန်ဆောင်၍ လူ့စိတ်ကို လှည့်စားတတ်သော အရာကို ဖော်ပြ၍၊ မေတ္တာစိတ်ရဲ့ သဘောနှင့် မေတ္တာ ပွားများပုံအချုပ်ကို "မာတာ ယထာ နိယံပုတ္တ"စသော ဂါထာအရ ဖော်ပြပါ။

၉။ သမထနှင့် ဝိပဿနာ နှစ်မျိုးလုံးသည် ဖြစ်ပွားစေရမည့်, ကျင့်ရမည့် "ဘာဝေတဗ္ဗတရား"ဖြစ်ရာ မည်သည့်အတွက် ကျင့်ရသည်ကို ခွဲခြားဖော်ပြ၍၊ ဗုဒ္ဓါနုဿတိသမထကမ္မဋ္ဌာန်းဖြင့် ချွာန်ရနိုင်ပါသလော? အကြောင်းပြ ဖြေဆိုပါ။

၁၀။ ပဋိဘာဂနိမိတ် အာရုံအပေါ်မှာ စွမ်းရည်သတ္တိပြည့်ပြည့်နှင့် တံညီတည်း အလုပ်လုပ်နေကြသည့် ပထမဈာန် အင်္ဂါငါးပါးကို သဘောသွားနှင့်တကွ ဖော်ပြပါ။

တစ်ပုဒ်လျှင် (၁၀)မှတ်စီ